# ကလေးဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်များ

အောက်ပါအချက်အလက်များမှ တစ်ခုရှိပါကဆေးရုံ/
ဆေးခန်း/ ကျန်းမာရေးဌာနများသို့အမြန်ဆုံး သွားရောက် ပြသပါ။

## သင့်ကလေး၏ အစောပိုင်း
## ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်များ



| အသက် | အမြန်ဆုံးသွားရောက်ပြသရမည့်အချက်များ |
|---|---|
| ၁-၃ လ | မိခင်မျက်နှာ (သို့) အရာဝတ္ထုတို့ကို လိုက်၍မကြည့်ခြင်း။ အသံပေးသော်လည်း အပြုအမူ မပြောင်းလဲခြင်း၊ မြူလျှင် ပြုံးမပြတတ်ခြင်း၊ ကိုယ်ခန္ဓာလွန်စွာ တောင့်ခြင်း (သို့) ပျော့ခြင်း။ |
| ၆ လ | လက်သီးအမြဲဆုပ်ထားခြင်း၊ ခေါင်းမခိုင်ခြင်း၊ အရုပ်တစ်ခုခုကို မကိုင်နိုင်ခြင်း။ |
| ၉ လ | အမှီအတွယ်မရှိလျှင် မထိုင်နိုင်ခြင်း (လက်ထောက်၍ပင် မထိုင်နိုင်ခြင်း)၊ မရယ်မောတတ်ခြင်း။ |
| ၁နှစ် | ကလေးသဘာဝ ဖူးဖူးဝါးဝါး မပြုလုပ်ခြင်း၊ တာ့တာမပြုလုပ်နိုင်ခြင်း၊ ခေါင်းညိမ့်/ခေါင်းခါ မပြုလုပ်တတ်ခြင်း၊ လက်ညှိုးမထိုးတတ်ခြင်း။ |
| ၁ နှစ်ခွဲ | မတ်တပ် မစမ်းခြင်း။ |
| ၂ နှစ် | ဖေဖေ၊ မေမေ မခေါ်တတ်ခြင်း၊ လမ်းကောင်းစွာ မလျှောက်နိုင်ခြင်း။ |
| ၃ နှစ် | မပြေးနိုင်ခြင်း၊ မကြာခဏ လဲကျခြင်း၊ ဝါကျအတိုများ မပြောနိုင်ခြင်း၊ မျက်လုံးချင်းဆိုင်မကြည့်ခြင်း။ |
| ၄ နှစ် | စကားပြောတတ်သော်လည်း အခက်အခဲများစွာဖြင့် ပြောရသောကြောင့် အခြားသူများ နားမလည်ခြင်း၊ အခြားကလေးများနှင့် မကစားဘဲ တစ်ဦးတည်း သီးသန့်နေခြင်း။ |
| မည်သည့် အသက်မဆို | ယခင် ရှိပြီးတတ်ပြီးသား ကလေးဖွံ့ဖြိုးတိုးတက်မှုများ ပျောက်ဆုံးသွားခြင်း (သို့) ဆုတ်ယုတ်လာခြင်း၊ ယခင်ပြောတတ်သော စကားများ ပြန်ပျောက်သွားခြင်း။ |



ကလေးများဖွံ့ဖြိုးမှုပုံမှန်ဖြစ်မဖြစ်ကို
စောစီးစွာသိရှိနိုင်မှသာ ကြိုတင်ကာကွယ်ခြင်း၊
မှန်ကန်စွာ ပြုစုပျိုးထောင်ခြင်းများ
ပြုလုပ်နိုင်ပါသည်။

ရည်ညွှန်းချက် - ဖော်ပြပါဇယားကို ကျန်းမာရေးဆိုင်ရာ စံပြအချက်အလက်များစာအုပ်မှ ကူးယူဖော်ပြပါသည်။

# သင့်ကလေး၏ အစောပိုင်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင်များ



## သုံးနှစ်သား

ရိုးရှင်းသော ဝါကျများကို သုံးတတ်သည်။
ကလေးအား သူ့နာမည်ကိုမေးလျှင် ပြောပြတတ်သည်။

ခြေနှစ်ဖက်လုံးဖြင့် စုံခုန်နိုင်သည်။
လှေကားကို တစ်ဖက်ချင်း နင်းပြီး တက်နိုင်သည်။
ခြေထောက်တစ်ဖက်တည်း ပေါ်တွင် တစ်စက္ကန့်မျှကြာအောင် ရပ်နိုင်သည်။

ကလေးသည် ရောင်စုံခဲတံကို လက်ချောင်းနှင့်လက်မ ကြားညှပ်ပြီး လူကြီးများကဲ့သို့ ကိုင်နိုင်သည်။

လက်လှမ်းမမီသည့်နေရာမှ ပစ္စည်းကို ခုံ (သို့မဟုတ်) တစ်ခုခု သုံးပြီး တက်ယူနိုင်သည်။

ကစားဖော်များ အရုပ်များနှင့် လွတ်လွတ် လပ်လပ် ကစားတတ်သည်။
အလှည့်ကို စောင့်တတ်သည်။
အင်္ကျီများကို ကိုယ့်ဖာသာ ဝတ်တတ်သည်။



## နှစ်နှစ်သား

ရင်းနှီးသည့် သုံးအဆောင်များကို နာမည်ပြောလျှင် လက်ညှိုးညွှန်ပြတတ်သည်။
စကားလုံး ၂ လုံးမှ ၃လုံး ပါဝင်သည့် စာကြောင်းများ ပြောတတ်သည်။

လမ်းလျှောက်လျက် လက်ထဲတွင် တစ်စုံတစ်ရာကို ကိုင်သွားနိုင်သည်။
ဘောလုံးကန်တတ်သည်။
ပြေးနိုင်သည်။

စာအုပ်များကို တစ်ရွက်ပြီး တစ်ရွက် လှန်တတ်သည်။

ကိုယ်တိုင် အစားအသောက် စားတတ်သည်။
ရိုးရှင်းသောပြဿနာများကို ဖြေရှင်းတတ်သည်။
ပစ္စည်းများကို နေရာတကျ ထားတတ်သည်။

အခြားသော ကလေးများနှင့် အတူရှိနေချိန်တွင် စိတ်လှုပ်ရှားသည်။
ဟန်ဆောင် အတုလုပ် ကစားနည်း စတင်ကစား လာသည်။



## တစ်နှစ်သား

စကားတစ်လုံး၊ နှစ်လုံး စပြော တတ်သည်။
မဟုတ်ဘူး ဆိုသည့် သဘော ဖြင့် ခေါင်းရမ်းခါတတ်သည်။
လွယ်ကူရှင်းလင်းသော ညွှန်ကြားမှုကို လိုက်နာသည်။

လေးဖက်တွားသည်။
တစ်ခုခုကိုဆွဲပြီး ထသည်။
ကိုင်စရာဖြင့် တစ်လှမ်း၊ နှစ်လှမ်း လျှောက်နိုင်သည်။

လက်မ၊ လက်ညှိုးဖြင့် ပစ္စည်းများကို ကောက်နိုင်သည်။

ပစ္စည်းတစ်ခုခုကို စာရွက် (သို့မဟုတ်) အဝတ်စဖြင့် ဖုံးအုပ်ပြီး ဝှက်ထားပါက ပြန်ရှာနိုင်သည်။
"တူတူရေဝါး" ကစားတတ်သည်။

အင်္ကျီဝတ်ပေးလျှင် လက်ကို အလိုက်သင့်ထားသည်။



## ခြောက်လသား

ချော့မြူသံကြားသည့်အခါ ကလေးသဘာဝအသံဖြင့် တုံ့ပြန် တတ်သည်။
မိမိနာမည်ခေါ်သံကြားလျှင် တုံ့ပြန်မှုရှိသည်။
အသံလာရာသို့ လှည့်ကြည့်သည်။

ပက်လက်လှန်နေရာမှ မှောက်တတ်သည်။
အထောက်အပံ့မပါဘဲ စတင်ထိုင်နိုင်သည်။

အရုပ်တစ်ခုကို လက်နှစ်ဖက်ဖြင့် ကိုင်သည်။
အရုပ်သေးသေးတစ်ခုကို လက်ဖဝါး တစ်ခုလုံးဖြင့် ဆုပ်ကိုင်သည်။

လွတ်ကျသွားသော သူ့ အရုပ်ကို ပြန်ကောက်ရန် ကြိုးစားသည်။
အခြားသူများနှင့် အထူးသဖြင့် မိဘများနှင့် ဆော့ကစားရသည်ကို နှစ်သက်သည်။

မှန်အကြီးကြီးရှေ့တွင် သူ့ဖာသာ သူ ခိုးခိုးခစ်ခစ် အသံပေးသည်။
ခြေလက်များကို စူးစမ်း လေ့လာသည်။
(ပက်လက်လှန်လှဲနေစဉ် ခြေဖဝါးကို ဆွဲကစားခြင်း။)

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF (မြန်မာ)၊ The Leprosy Mission Myanmar ၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်(ဓမ္မပညာဌာန)နှင့် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီများ ပူးပေါင်းရေးသားပြုစုသည်။